Burmese

family and child connect

# သင့်အား အကူအညီပေးနိုင်သည့် ဝန်ဆောင်မှုများနှင့် ဆက်သွယ်ပါ

## ကျွန်ုပ်တို့ ကူညီနိုင်သည့်နည်းလမ်း

မိဘများသည် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်တိုင် ကလေးများ ကျန်းမာပြီး အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ဖြစ်ထွန်းတိုးတက် ကြီးပြင်းလာစေရန် အတွက် တည်ငြိမ်မှုကို လိုအပ်သည်။ ဤသည်မှာ ကလေး၏ အစောပိုင်းနှစ်များတွင် သီးသန့်အရေးကြီးသည့် အချက်ဖြစ်သည်။

သင့်အနေဖြင့် အထောက်အပံ့ လိုအပ်ပါက Family and Child Connect သည် သင့်ကို အကူအညီပေးရန် အသင့်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် သင့်အား အောက်ပါတို့အတွက် အကူအညီပေးရန် ဒေသဝန်ဆောင်မှုများနှင့် သင့်ကို ချိတ်ဆက်ပေးနိုင်ပါသည်-

- သင့်ကလေး၏ အပြုအမူကို စီမံခန့်ခွဲခြင်း
- ပိုမိုကောင်းမွန်သည့် မိသားစု ဆက်ဆံရေးများ တည်ဆောက်ခြင်း
- နေအိမ်၌ အကြမ်းဖက်မှုကို ရပ်တန့်ခြင်း
- ငွေကြေးကို လျာထားသတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း
- အရက်၊ ဆေးဝါး သို့မဟုတ် လောင်းကစား ပြဿနာများကို စီမံခန့်ခွဲခြင်း
- အိုးအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် အခြား လူမှုအသိုက်အဝန်း သို့မဟုတ် အစိုးရ ဝန်ဆောင်မှုများ

Family and Child Connect ဝန်ဆောင်မှုများကို မိသားစုများနှင့် ပူးပေါင်းဆောင်ရွက် ရာတွင် အတွေ့အကြုံရှိသည့် ယုံကြည်စိတ်ချရသော၊ ဒေသတွင်း အဖွဲ့အစည်းများက ပံ့ပိုးပါသည်။

သင့်အနေဖြင့် ဤဝန်ဆောင်မှုကို လိုအပ်သည့်အခါတိုင်း မကြာမကြာ အသုံးပြုနိုင်သည်။ ကန့်သတ်ချက်မရှိ၊ ကုန်ကျမှုမရှိ။

## သင်က ကျွန်ုပ်တို့အား ဆက်သွယ်လာလျှင် ဘာဆက်ဖြစ်မလဲ။

သင်က ကျွန်ုပ်တို့အား ဆက်သွယ်လာသည့်အခါ သင်သည် သင့် စိုးရိမ်ပူပန်မှုများ ကို နားထောင်ပြီး သင့်မိသားစုအခြေအနေကို အကဲဖြတ်မည့် အတွေ့အကြုံရှိ မိသားစု ကူညီပံ့ပိုးရေးလုပ်သားနှင့်အတူ ဆွေးနွေးပြောဆိုရပါမည်။ မိသားစုတိုင်းသည် ထို အတိုင်း ကွဲပြားမှုရှိပြီး သင်သည် ကျွန်ုပ်တို့နှင့် စကားပြောသည့်အခါ သင့်အခြေအနေနှင့် သက်ဆိုင်သည့် အကြံဉာဏ်နှင့် အထောက်အပံ့ကို ရရှိမည်ဖြစ်သည်။

သင့်အနေဖြင့် ဖုန်းခေါ်ဆိုမှုတစ်ခုတည်းဖြင့် အကြံဉာဏ်ပေးခြင်းဖြစ်စေ အထောက် အပံ့ပေးသည့် ဝန်ဆောင်မှုထံသို့ သင့်ကို လွှဲပြောင်းပေးခြင်းဖြစ်စေ တစ်နည်းနည်းဖြင့် သင့်ကို ကူညီနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နေအိမ်ရှိ သို့မဟုတ် လုံခြုံသည့် တစ် နေရာတွင် စကားပြောဆိုရန် သင့်ထံသို့ လာရောက်ကြည့်ရှုရန်လည်း စီစဉ်နိုင်ပါသည်။ လိုအပ်သည့်အခါ ကျွန်ုပ်တို့သည် အိမ်တွင်းနှင့် မိသားစု အကြမ်းဖက်မှုဖြေရှင်းပေးရေး ဝန်ဆောင်မှုများနှင့် မိသားစုများကို အလျင်အမြန် ချိတ်ဆက်ပေးနိုင်ပါသည်။

## သင်က အခြားသူများကို ကူညီနိုင်သည့်နည်းလမ်းများ

သင်သည် အရွယ်ရောက်သည့်ကလေး၊ မြေးများ၊ ကျောင်းရှိ မိသားစု သို့မဟုတ် အလုပ်ရှိ မိတ်ဆွေကဲ့သို့ အခြားသူ တစ်စုံတစ်ဦးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေ သလား။ သင်သည် သူတို့လိုအပ်သည့် အထောက်အပံ့ကို ရယူရာတွင်လည်း အကူအညီပေးအပ်နိုင်ပါသည်။

သူတို့နှင့်အတူ စကားပြောဆိုမှုကို စတင်ပြီး အကြံဉာဏ်နှင့် အထောက် အပံ့အတွက် Family and Child Connect ကို 13 32 64 တွင် ဆက်သွယ်ရန် တိုက်တွန်းပါ။ သူတို့ လိုအပ်သည့် အကူအညီကို ရယူရာတွင် ဤသည်မှာ သူတို့လုပ်ဆောင်သည့် ပထမအဆင့်ဖြစ်နိုင်ပါသည်။

## ကျွန်ုပ်တို့အား ဆက်သွယ်ရန်

ကလေးမိဘများအနေဖြင့် လိုအပ်သည့် အထောက်အပံ့ကို ရရှိသည့်အခါ ကလေးများ လည်း ဖြစ်ထွန်းအောင်မြင်လာပါသည်။ မှန်ကန်သည့် လမ်းညွှန်ချက်ဖြင့် သင်သည် ဘဝ၏ စိန်ခေါ်မှုများကို ဖြတ်သန်းနိုင်ကြောင်းနှင့် ကျန်းမာပြီး အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ဖွံ့ဖြိုးလာစေရန် သင့်ကလေးများကို ထောက်ပံ့နိုင်သည်ကို Family and Child Connect ရှိ ကျွန်ုပ်တို့က သိရှိပါသည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုသည် လျှို့ဝှက်လုံခြုံပြီး အခမဲ့ဖြစ်ကာ ထိုက်ထိုက်တန်တန် ခေါ် ဆိုနိုင်ပါသည်။

**ဖုန်းနံပါတ်- 13 32 64**
**ဝဘ်ဆိုက်ဒ်- familychildconnect.org.au**

## သင့်ဒေသရှိ Family and Child Connect ဝန်ဆောင်မှုသည်-

............................................................

............................................................

............................................................

## စကားပြန် လိုအပ်ပါသလား။

Interpreter

သင့်အနေဖြင့် စကားပြန် လိုအပ်ပါသလား။ ကျွန်ုပ်တို့က စကားပြန်တစ် ဦးကို အခမဲ့ စီစဉ်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့ထံ **13 32 64** ဖြင့် ခေါ်ဆိုပြီး သင်လိုအပ်သည့် ဘာသာစကားကို ကျွန်ုပ်တို့အား ပြောပြပါ။

Funded by Queensland Government

0869_MARCH2021